ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၈၉ /၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ လုံခြုံမှုဆိုင်ရာ မူဘောင်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ သဘောတူညီချက်၊ ပြန်လည်ပြင်ဆင်ထားသော ကျိုတိုကွန်ဗင်းရှင်းနှင့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများ အခန်း(၂)ပါ စံသတ်မှတ်ချက်များနှင့်ကိုက်ညီပြီး နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွင်းဆက်တွင် ပါဝင်ဆောင်ရွက်နေသည့် အကောက်ခွန်ဦးစီးဌာနမှ တရားဝင် အသိအမှတ်ပြုထားသောကုမ္ပဏီကို ဆိုသည်၊

(ခ) နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွင်းဆက် ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုတွင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို စတင်ထုတ်လုပ်ရောင်းချ သူထံမှ သုံးစွဲသူထံသို့ ရောက်ရှိစေရန်ဆောင်ရွက်သည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ နည်းပညာဆိုင်ရာများ၊ အရင်းအမြစ်များပါဝင်သော ကုန်သွယ်မှုဆိုင်ရာစနစ်ကိုဆိုသည်၊

(ဂ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်အသိအမှတ်ပြုခြင်း အစီအစဉ် (Mutual Recognition Arrangement - MRA) ဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံအလိုက် အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators-AEO)အဖြစ် အသိအမှတ်ပြုသည့်ကုမ္ပဏီကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် အသိအမှတ်ပြုသည့်အစီအစဉ် ကိုဆိုသည်၊

(ဃ) ကုမ္ပဏီ ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားရှိပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန် သို့မဟုတ် သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ရရှိထားသောကုမ္ပဏီကို ဆိုသည်၊

(င) အသိအမှတ်ပြုလက်မှတ် ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာနက ထုတ်ပေးသော အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုသည့်လက်မှတ်ကို ဆိုသည်။

## အခန်း(၂)
## စံသတ်မှတ်ချက်များ

၃။ (က) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (အဆင့် - ၁) အဖြစ်လျှောက်ထားလိုသူ သည်-

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသော ကုမ္ပဏီ မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီရမည်၊

(၂) သက်ဆိုင်ရာဌာနများက လုပ်ငန်းလုပ်ကိုင်ခွင့် သို့မဟုတ် လိုင်စင်ဆိုင်ရာ ကိစ္စရပ်များအတွက် သတ်မှတ်ထားသည့် အချက်များနှင့် ကိုက်ညီရမည်၊

(၃) လျှောက်ထားသည့်အချိန်တွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရမှတ်ပုံတင် သက်တမ်းအနည်းဆုံးသုံးနှစ်ရှိရမည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း အကောက်ခွန်ကြေညာလွှာ အနည်းဆုံးအစောင် ၅၀ သို့မဟုတ် ကုန်သွယ်မှု တန်ဖိုးအနည်းဆုံး အမေရိကန်ဒေါ်လာ ၅ သန်း ရှိရမည်၊

(၄) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာသူဖြစ်ရမည်၊

(၅) ကုမ္ပဏီစတင်တည်ထောင်သည့်အချိန်မှစ၍ကုမ္ပဏီ၏တရားဝင်ဘဏ္ဍာရေး ရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီ၏စာရင်းစစ်က စစ်ဆေးဆောင်ရွက်ပြီး အစီရင်ခံစာများကို နှစ်စဉ်ထုတ်ပြန်ထားရမည်၊

(၆) ကုမ္ပဏီ၏ ဘဏ္ဍာရေးတောင့်တင်းခိုင်မာမှုနှင့် ရေရှည်ရပ်တည်နိုင်စွမ်းကို ဖော်ပြသော ကောင်းမွန်သည့် ဘဏ္ဍာရေးညွှန်းကိန်းများ ရှိရမည်၊

(၇) ကုန်သွယ်မှုဆိုင်ရာအချက်အလက်များ၊ စီးပွားရေးဆိုင်ရာမှတ်တမ်းအချက်အလက်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းဆောင်ရွက်သည့်စနစ်များ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ထိရောက်စွာထိန်းချုပ်နိုင်သော စနစ် ရှိရမည်၊

(၈) လုပ်ငန်းနှင့်သက်ဆိုင်သည့် စာရင်းဇယားအချက်အလက်များ၊ ငွေစာရင်းဆိုင်ရာ အချက်အလက်များ၊ ကုန်သွယ်မှုဆိုင်ရာ စာရွက်စာတမ်းများနှင့် အချက်အလက်များကို ခုနစ်နှစ်အထိ ထိန်းသိမ်းထားရမည်၊

(၉) အကောက်ခွန်ဦးစီးဌာနက စည်းကြပ်ကောက်ခံသည့် အခွန်အခအရပ်ရပ်နှင့် နိုင်ငံတော်သို့ ပေးဆောင်ရန်တာဝန်ရှိသည့် အခြားအခွန်အခများကို အချိန်နှင့်တစ်ပြေးညီ အပြည့်အဝပေးဆောင်ထားရမည်၊

(၁၀) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားခြင်းမပြုမီ သုံးနှစ်အတွင်း အမည်ပျက် (black list) စာရင်းသွင်းခံရခြင်း၊ စီးပွားရေးဆိုင်ရာမသမာမှုကျော်ဇောသတင်းရှိခြင်း၊ အကောက်ခွန်ဆိုင်ရာဥပဒေများအရ ပြစ်ဒဏ်ကျခံရခြင်းစသည့်အချက်များ မရှိစေရ၊

(၁၁) အကောက်ခွန်ဦးစီးဌာနက ကြည့်ရှုစစ်ဆေးရန်လိုပါက စစ်ဆေးခံနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရမည်၊

(၁၂) အကောက်ခွန်ဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲမှုများ သို့မဟုတ် စံပြုလုပ်ငန်းစဉ်များကို ကျွမ်းကျင်သည့် ဆက်သွယ်ရမည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အားခန့်အပ်၍ သတင်းအချက်အလက် ဖလှယ်နိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရမည်။

(ခ) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (အဆင့် -၂) အဖြစ် လျှောက်ထားလိုသူသည်-

(၁) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (အဆင့်-၁) အသိအမှတ်ပြုလက်မှတ်ရရှိသည့်ကာလ အနည်းဆုံး ခြောက်လ ရှိရမည်၊

(၂) သတင်းအချက်အလက်လုံခြုံရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်၊ နည်းပညာ၊ မှတ်တမ်း၊ ကွန်ပျူတာစနစ်၊ အရံသိမ်းဆည်းသည့်စနစ်အတွင်းသို့ အခွင့်မရှိသူများ ဝင်ရောက်အသုံးမပြုနိုင်ရေးအတွက်

လုံခြုံရေးဆိုင်ရာ စီမံချက်များ သို့မဟုတ် စံပြုလုပ်ငန်းစဉ်များရေးဆွဲ၍ စနစ်တကျ ကျင့်သုံးဆောင်ရွက်ထားရမည်၊

(၃) ကုန်ပစ္စည်းလုံခြုံရေးနှင့်စပ်လျဉ်း၍ ကုန်ပစ္စည်းများ စိစစ်ခြင်း၊ လက်ခံခြင်း၊ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ထုတ်လုပ်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ ထုပ်ပိုးခြင်း၊ ကုန်တင်ကုန်ချပြုလုပ်ခြင်းတို့အတွက် ပျက်စီးဆုံးရှုံးမှုများနှင့် မှားယွင်းမှုများမဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်းနှင့် ကုန်သေတ္တာလုံခြုံမှုရှိစေရန် တံဆိပ်ခတ်နှိပ်ခြင်းတို့အတွက် စီမံချက်များ သို့မဟုတ် စံပြုလုပ်ငန်းစဉ်များ ရေးဆွဲ၍ ကျင့်သုံးဆောင်ရွက်ထားရမည်၊

(၄) ကုန်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုံခြုံရေးနှင့်စပ်လျဉ်း၍ ကုန်တင်ယာဉ်၏ ကြံ့ခိုင်မှုနှင့် လုံခြုံမှုကို စစ်ဆေးခြင်း၊ ကုန်ပစ္စည်း သယ်ယူသည့် လမ်းကြောင်းများကို ခြေရာခံစနစ်တပ်ဆင်၍ စောင့်ကြည့်ထိန်းချုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ် သံသယဖြစ်ဖွယ်ကိစ္စရပ်များ တွေ့ရှိပါက သက်ဆိုင်ရာဌာနများသို့ အစီရင်ခံသတင်းပေးပို့ခြင်းတို့အတွက် စီမံချက်များ သို့မဟုတ် စံပြုလုပ်ငန်းစဉ်များရေးဆွဲ၍ ကျင့်သုံးဆောင်ရွက်ထားရမည်၊

(၅) ပရဝုဏ်လုံခြုံရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်သည့် အဆောက်အဦနှင့် ပရဝုဏ် ဝင်ပေါက်၊ ထွက်ပေါက်များတွင် လုံခြုံရေးဝန်ထမ်းများထားရှိခြင်း၊ အဝင်၊ အထွက် မှတ်တမ်းများထားရှိခြင်းနှင့် အခွင့်မရှိဝင်ရောက်မှု ကို ကန့်သတ်ထိန်းချုပ်ခြင်း၊ ကုန်ပစ္စည်းထားသိုရာနေရာ၊ အတင်၊ အချပြုလုပ်ရာနေရာများကို ခိုင်မာစွာကာရံတည်ဆောက်ထားခြင်း၊ CCTV နှင့် အလိုအလျောက်အချက်ပေးစနစ်များ တပ်ဆင်ထားရှိခြင်းတို့အတွက် စီမံချက်များ သို့မဟုတ် စံပြုလုပ်ငန်းစဉ်များရေးဆွဲ၍ ကျင့်သုံးဆောင်ရွက်ထားရမည်၊

(၆) လူပုဂ္ဂိုလ်လုံခြုံရေးနှင့်စပ်လျဉ်း၍ ဝန်ထမ်းခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း၊ တာဝန်မှရပ်ဆိုင်းခြင်းနှင့် လုပ်ငန်းခွင်ရှိ ဝန်ထမ်းများအား တာဝန်ခွဲဝေခြင်း၊ လုံခြုံရေးနှင့်စည်းကမ်းပိုင်းဆိုင်ရာ ထိန်းချုပ်ခြင်းတို့အတွက် စီမံချက်များ သို့မဟုတ် စံပြုလုပ်ငန်းစဉ်များရေးဆွဲ၍ ကျင့်သုံးဆောင်ရွက်ထားရမည်၊

(၇) စီးပွားရေးမိတ်ဖက်ဆိုင်ရာ လုံခြုံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွင်းဆက်လုံခြုံရေးကို အလေးထားဆောင်ရွက်သည့် စီးပွားရေး

မိတ်ဖက်အဖွဲ့အစည်းများအားစာရင်းပြုစုခြင်း၊ရွေးချယ်ခြင်းနှင့်စောင့်ကြည့်အကဲဖြတ်ခြင်းဆိုင်ရာ စီမံချက်များ သို့မဟုတ် စံပြုလုပ်ငန်းစဉ်များရေးဆွဲ၍ ကျင့်သုံးဆောင်ရွက်နိုင်ရမည်၊

(၈) သဘာဝဘေးအန္တရာယ်နှင့် မမျှော်မှန်းနိုင်သည့် အခြေအနေများကြောင့် ဖြစ်ပေါ်လာသောဆုံးရှုံးမှုများကို ပြန်လည်ကုစားခြင်းနှင့် စပ်လျဉ်း၍ ဝန်ထမ်းများအား ပုံမှန်သင်တန်းပေးခြင်း၊ အသိပညာပေးခြင်းနှင့် ယင်းကိစ္စရပ်များဖြစ်ပေါ်ပါကသက်ဆိုင်ရာသို့အစီရင်ခံတင်ပြခြင်း၊ ဆုံးရှုံးမှုကို ပြန်လည်ကုစားနိုင်မည့်အာမခံများ ထားရှိခြင်းတို့အပြင် အရေးပေါ်အစီအစဉ်နှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်တို့အတွက် စီမံချက်များ သို့မဟုတ် စံပြုလုပ်ငန်းစဉ်များရေးဆွဲ၍ ကျင့်သုံးဆောင်ရွက်နိုင်ရမည်၊

(၉) နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွင်းဆက်လုံခြုံရေး တိုးတက်မှုအခြေအနေများကို ပုံမှန်ဆန်းစစ်ခြင်း၊ မှတ်တမ်းထားရှိခြင်းနှင့် ပိုမိုတိုးတက်အောင် စီမံခြင်းတို့ကို ဆောင်ရွက်နိုင်ရမည်၊

(၁၀) ရေးဆွဲထားသည့်စီမံချက်များ သို့မဟုတ် စံပြုလုပ်ငန်းစဉ်များကို ဝန်ထမ်းများက စနစ်တကျလိုက်နာကျင့်သုံးမှုရှိစေရန်နှင့် စဉ်ဆက်မပြတ်တိုးတက်ဆောင်ရွက်မှုများ ဖြစ်ပေါ်စေရန် သင်တန်းများပေးခြင်း၊ စောင့်ကြည့်စစ်ဆေး၍ အမှားအယွင်းများအား ပြင်ဆင်ဆောင်ရွက်ပေးခြင်းနှင့် ယင်းလုပ်ဆောင်ချက်များအပေါ်မှတ်တမ်းများထားရှိခြင်းတို့ကိုဆောင်ရွက်နိုင်ရမည်။

## အခန်း(၃)
## အကျိုးခံစားခွင့်များ

၄။ (က) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (အဆင့်-၁)၏ အကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အကောက်ခွန်ကြေညာလွှာများကို ဦးစားပေးအဆင့်အတန်းဖြင့် သတ်မှတ်ဆောင်ရွက်ခွင့်ရရှိခြင်း၊

(၂) တရားမဝင်တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းဆိုင်ရာ ကာကွယ်တားဆီးရေး၊ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် အကျုံးဝင်သည့်ကိစ္စရပ်များမှအပ ကုန်ပစ္စည်းများအား စစ်ဆေးမှုခံယူရန် မလိုဘဲ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခွင့်များရရှိခြင်း၊

(၃) အခွန်ငွေပြန်အမ်းခြင်း၊ ပြန်လျော့အကောက်ခွန် အပါအဝင် အခြားအကောက်ခွန်ဆိုင်ရာ ခွင့်ပြုချက်ရယူခြင်းတို့နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအား ဦးစားပေးဆောင်ရွက်ခွင့် ရရှိခြင်း၊

(၄) အကောက်ခွန်ဦးစီးဌာနမှ လက်ခံနိုင်သည့် အာမခံချက်တစ်ရပ်ရပ်ဖြင့် လျှောက်ထားပါက တစ်လအတွင်း ဆိုင်းငံ့အခွန်ငွေ ပေးချေခြင်းဖြင့် ဆောင်ရွက်ခွင့်ရရှိခြင်း၊

(၅) အကောက်ခွန်ဦးစီးဌာနမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ရည်ရွယ်၍ ဖွင့်လှစ်သော သင်တန်းများ၊ အသိပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများတွင် ဦးစားပေးတက်ရောက်ခွင့်ရရှိခြင်း၊

(၆) အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခံရခြင်းနှင့် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အမှတ်တံဆိပ် (Logo) ကို တပ်ဆင်ခွင့်ရရှိခြင်း၊

(၇) ကုမ္ပဏီများ၏ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းဆိုင်ရာ အခက်အခဲများနှင့် အကောက်ခွန်ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းရန် သီးသန့်တာဝန်ကျ အကောက်ခွန်အရာရှိ သို့မဟုတ် အကောက်ခွန်အဖွဲ့ဖြင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရရှိခြင်း၊

(၈) အကောက်ခွန်ဦးစီးဌာန ဝက်ဘ်ဆိုဒ်နှင့် သက်ဆိုင်ရာ အခြားဝက်ဘ်ဆိုဒ်များတွင် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (အဆင့်-၁) အဖြစ် ဖော်ပြခံရခြင်း။

(ခ) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (အဆင့်-၂) သည် အပိုဒ်ခွဲ (က)ပါ အကျိုးခံစားခွင့်များအပြင် အောက်ပါအကျိုးခံစားခွင့်များကို ရရှိမည် -

(၁) ပုံမှန်လုပ်ငန်းချိန်ထက်ကျော်လွန်၍ အကောက်ခွန်လုပ်ငန်းဆောင်ရွက်ပေးသည့်အခွင့်အရေး ရရှိခြင်း၊

(၂) အကောက်ခွန်ကြီးကြပ်မှုဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်မှု ပိုမိုမြန်ဆန်စေရန် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာသီးသန့်လမ်းကြောင်းများဖြင့် ဆောင်ရွက်ခွင့် ရရှိခြင်း၊

(၃) တင်သွင်း၊ တင်ပို့သူ၏ ပရဝုဏ် သို့မဟုတ် အကောက်ခွန်ဦးစီးဌာနမှ ခွင့်ပြုသော အခြားနေရာများတွင် အကောက်ခွန်လုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့် ရရှိခြင်း၊

(၄) အကောက်ခွန်တန်ဖိုး၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု သို့မဟုတ် ပင်ရင်းဒေသကြိုတင်သတ်မှတ်ပေးရန် လျှောက်ထားပါက စာရွက်စာတမ်းပြည့်စုံစွာ တင်ပြသည့်နေ့မှစ၍ တစ်ပတ်အတွင်း ပြန်ကြားချက် ရရှိခြင်း၊

(၅) တစ်နိုင်ငံနှင့်တစ်နိုင်ငံအပြန်အလှန်အသိအမှတ်ပြုခြင်း အစီအစဉ် (Mutual Recognition Arrangement – MRA) ဆောင်ရွက်ရာတွင် ပါဝင်ခွင့်ရရှိခြင်း၊

(၆) တစ်ဖက်နိုင်ငံနှင့် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အပြန်အလှန်အသိအမှတ်ပြုခံရသည့် ကုမ္ပဏီဖြစ်ပါက တင်ပို့ပစ္စည်းများနှင့် စပ်လျဉ်း၍ ယင်းနိုင်ငံ၏ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အခွင့်အရေးများ ရရှိခြင်း၊

(၇) အကောက်ခွန်ဦးစီးဌာန ဝက်ဘ်ဆိုဒ်နှင့် သက်ဆိုင်ရာ အခြားဝက်ဘ်ဆိုဒ်များတွင် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (အဆင့်-၂) အဖြစ် ဖော်ပြခံရခြင်း။

## အခန်း(၄)

## အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း

၅။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားလိုသည့် ကုမ္ပဏီသည် နောက်ဆက်တွဲပါလျှောက်လွှာပုံစံကို အကောက်ခွန်ဦးစီးဌာန ဝက်ဘ်ဆိုဒ်မှရယူ၍ ပြည့်စုံမှန်ကန်စွာဖြည့်စွက်ပြီး အကောက်ခွန်ဦးစီးဌာန၊ နှောင်းစာရင်းစစ်ဆေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ လျှောက်ထားနိုင်သည်။

၆။ အကောက်ခွန်ဦးစီးဌာနသည် လျှောက်လွှာပါအချက်အလက်များကို ပြည့်စုံမှန်ကန်မှု ရှိမရှိ စိစစ်၍ ပြည့်စုံမှန်ကန်မှုမရှိပါက ယင်းအချက်များကိုပြင်ဆင်စေပြီး ပြန်လည်လျှောက်ထားနိုင်ကြောင်း လျှောက်ထားသည့်ကုမ္ပဏီထံ အကြောင်းကြားရမည်။

၇။ အကောက်ခွန်ဦးစီးဌာနသည်-

(က) လျှောက်လွှာပါအချက်အလက်များကို စိစစ်၍ ပြည့်စုံမှန်ကန်ပါက အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ ဆန်းစစ်မေးခွန်းလွှာကို လျှောက်ထားသည့် ကုမ္ပဏီထံပေးပို့ရမည်။

(ခ) လျှောက်ထားသည့်ကုမ္ပဏီက ပြန်လည်ပေးပို့လာသော ဆန်းစစ်မေးခွန်းလွှာပါ ဖြေကြားချက်များကို အပိုဒ် ၃ ပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည်။

(ဂ) ဆန်းစစ်မေးခွန်းလွှာပါ ဖြေကြားချက်များသည် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိပြီးပြည့်စုံမှန်ကန်ပါက မြေပြင်ကွင်းဆင်းစစ်ဆေးနိုင်ရန် လျှောက်ထားသည့် ကုမ္ပဏီထံ ကြိုတင်အကြောင်းကြားရမည်။

၈။ အကောက်ခွန်ဦးစီးဌာနသည် မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် ဆန်းစစ်မေးခွန်းလွှာပါ ဖြေကြားချက်များအပေါ် အခြေခံ၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်မှုအပေါ် လိုက်နာမှု ရှိ မရှိ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၉။ အကောက်ခွန်ဦးစီးဌာနသည်အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်လျှောက်ထား သည့် ကုမ္ပဏီ၏လျှောက်လွှာကို စိစစ်ပြန်ကြားခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး အပိုဒ် ၃ ပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသည့် ကုမ္ပဏီကို အဆင့်အလိုက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။

၁၀။ အသိအမှတ်ပြုလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှ သုံးနှစ်ဖြစ်သည်။

၁၁။ အကောက်ခွန်ဦးစီးဌာနသည် အပိုဒ် ၉ အရ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသည့် ကုမ္ပဏီအမည်ကို သင့်လျော်သည့်နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။ ယင်းကြေညာချက်ကို ကုန်သွယ်မှုနှင့်ဆက်စပ်သည့်အစိုးရဌာန၊အဖွဲ့အစည်းနှင့်အသင်းအဖွဲ့များသို့ အသိပေးအကြောင်း ကြားရမည်။

၁၂။ အကောက်ခွန်ဦးစီးဌာနသည်အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်လျှောက်ထား သည့် ကုမ္ပဏီ၏လျှောက်လွှာကို စိစစ်ပြန်ကြားခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီး အပိုဒ် ၃ ပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်း သို့မဟုတ် အသိအမှတ်ပြု လက်မှတ်မထုတ်ပေးမီကာလအတွင်း အပိုဒ်၃(က)(၁၀)ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း ရှိပါက လျှောက်ထားမှုအပေါ်ငြင်းပယ်ကြောင်းကို လျှောက်ထားသည့်ကုမ္ပဏီထံ အကြောင်းကြား ရမည်။

၁၃။ ငြင်းပယ်ခံရသော ကုမ္ပဏီသည် ငြင်းပယ်ခံရသည့်နေ့ရက်မှစ၍ ခြောက်လကျော်လွန် ပါက အပိုဒ် ၃ ပါ စံသတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် သက်ဆိုင်ရာအဆင့်အလိုက် ပြန်လည် လျှောက်ထားနိုင်သည်။

## အခန်း(၅)
## စောင့်ကြည့်အကဲဖြတ်ခြင်း

၁၄။ အကောက်ခွန်ဦးစီးဌာနသည် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်အသိအမှတ်ပြုလက်မှတ်ရ ကုမ္ပဏီက အပိုဒ် ၃ ပါ စံသတ်မှတ်ချက်များကို လိုက်နာမှု ရှိ မရှိ စောင့်ကြည့်အကဲဖြတ်ရမည်။

၁၅။ အကောက်ခွန်ဦးစီးဌာနသည် အပိုဒ် ၁၄ အရ စောင့်ကြည့်အကဲဖြတ်ရာတွင် တင်သွင်း၊ တင်ပို့မှုဆိုင်ရာ သတင်းအချက်အလက်များနှင့် အခြားသတင်းအချက်အလက်များ၊ အခြားအဖွဲ့အစည်းများမှပေးပို့သည့် သတင်းအချက်အလက်များနှင့် နောင်းစာရင်းစစ်ဆေးခြင်းခံထားရပါက စစ်ဆေးချက်အစီရင်ခံစာများအရ အကဲဖြတ်ရမည်။

၁၆။ အကောက်ခွန်ဦးစီးဌာနသည်စောင့်ကြည့်အကဲဖြတ်ရာတွင်ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းနှင့် လိုအပ်ပါက ထပ်မံစစ်ဆေးခြင်းများ ဆောင်ရွက်နိုင်သည်။

၁၇။ အကောက်ခွန်ဦးစီးဌာနသည် စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို စစ်ဆေးပြီးတစ်လအတွင်း ညွှန်ကြားရေးမှူးချုပ်ထံတင်ပြရမည်။

## အခန်း(၆)
## သက်တမ်းတိုးခြင်း

၁၈။ အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူသည် အသိအမှတ်ပြုလက်မှတ်သက်တမ်းတိုးလျှောက်ထားလိုပါက သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ခြောက်လ ကြိုတင်၍ အကောက်ခွန်ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားနိုင်သည်။

၁၉။ အပိုဒ် ၁၈ အရ လျှောက်ထားရာတွင် သက်တမ်းတိုးလျှောက်လွှာကို အကောက်ခွန်ဦးစီးဌာနဝက်ဘ်ဆိုဒ်မှ ရယူဖြည့်စွက်ပြီး လိုအပ်သည့် စာရွက်စာတမ်း အချက်အလက်များနှင့်အတူ အကောက်ခွန်ဦးစီးဌာန၊ နောင်းစာရင်းစစ်ဆေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ လျှောက်ထားနိုင်သည်။

၂၀။ အကောက်ခွန်ဦးစီးဌာနသည် သက်တမ်းတိုးလျှောက်ထားသည့်အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအား စောင့်ကြည့်အကဲဖြတ်ခြင်း အစီရင်ခံစာအရ အဆင့်အလိုက် အပိုဒ် ၃ ပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ သက်တမ်းတိုးပေးရမည်။

## အခန်း(၇)
## ယာယီဆိုင်းငံ့ခြင်း

၂၀။ အကောက်ခွန်ဦးစီးဌာနသည် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူက အောက်ပါကိစ္စတစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်ခြင်း ရှိ မရှိ စစ်ဆေးနေစဉ်ကာလအတွင်း ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်မှ ယာယီဆိုင်းငံ့ထားရမည်-

(က) အကောက်ခွန်ဦးစီးဌာနမှ လိုအပ်၍ တောင်းခံသည့် စာရွက်စာတမ်းများကို လိမ်လည် တင်ပြခြင်း သို့မဟုတ် တင်ပြရန်ပျက်ကွက်ခြင်း၊

(ခ) စောင့်ကြည့်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များအရ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိခြင်း၊

(ဂ) အပိုဒ် ၄ ပါ အကျိုးခံစားခွင့်များကို မမှန်ကန်သည့်နည်းလမ်းဖြင့် အသုံးပြုခြင်း၊

(ဃ) ကုန်သွယ်မှုနှင့်သက်ဆိုင်သော အစိုးရဌာနများ၏ စည်းကမ်းများကိုလိုက်နာမှုမရှိကြောင်းနှင့် သက်ဆိုင်ရာဥပဒေအရ အရေးယူခံရကြောင်းတွေ့ရှိခြင်း၊

(င) ငွေကြေးခဝါချမှု ဆောင်ရွက်ခြင်းနှင့် လူမွဲအဖြစ်ခံယူခြင်း၊

(စ) တင်သွင်း၊တင်ပို့မှုများအား နောက်ဆုံးဆောင်ရွက်သည့်နေ့မှ ခြောက်လအတွင်း လုံးဝဆောင်ရွက်မှုမရှိခြင်း။

၂၁။ အကောက်ခွန်ဦးစီးဌာနသည် အပိုဒ် ၂၀ အရ ယာယီဆိုင်းငံ့ပါက ယင်းသို့ဆိုင်းငံ့ကြောင်း အကြောင်းကြားစာကိုဆိုင်းငံ့သည့်နေ့မှတစ်ပတ်အတွင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူထံအကြောင်းကြားစာပေးပို့ရမည်။

၂၂။ အကောက်ခွန်ဦးစီးဌာနသည် -

(က) ယာယီဆိုင်းငံ့ထားစဉ်ကာလအတွင်း အပိုဒ် ၄ ပါ အကျိုးခံစားခွင့်များကို ရပ်ဆိုင်းထားရမည်။

(ခ) စစ်ဆေးတွေ့ရှိချက်အရ အပိုဒ် ၂၀ ပါ ကိစ္စတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မှုမရှိပါက အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်မှ ယာယီဆိုင်းငံ့ခြင်းကို ပယ်ဖျက်ရမည်။

## အခန်း(၈)
## ရုပ်သိမ်းခြင်းနှင့် ထပ်မံလျှောက်ထားခြင်း

၂၄။ အကောက်ခွန်ဦးစီးဌာနသည် စစ်ဆေးချက်အရ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူက အောက်ပါအချက်တစ်ရပ်ရပ်ကို ပြုလုပ်ကြောင်း တွေ့ရှိလျှင် အသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းရမည်-

(က) အပိုဒ် ၂၁ ပါ ကိစ္စတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် ဆက်လက်ဆောင်ရွက်လိုခြင်းမရှိကြောင်းလျှောက်ထားခြင်း၊

(ဂ) အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးသည့်နေ့ရက်အထိ သက်တမ်းတိုးဆောင်ရွက်မှုမရှိခြင်း။

၂၅။ အကောက်ခွန်ဦးစီးဌာနသည် အပိုဒ် ၂၄ အရ အသိအမှတ်ပြုလက်မှတ်ရုပ်သိမ်းပါက ယင်းသို့ ရုပ်သိမ်းကြောင်းကို အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူထံ အကြောင်းကြားရမည်။

၂၆။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူသည် အပိုဒ် ၂၅ အရ အကြောင်းကြားစာလက်ခံရရှိပါက ရုပ်သိမ်းခြင်းခံရသည့် အသိအမှတ်ပြုလက်မှတ်ကို အကြောင်းကြားစာပါ သတ်မှတ်ရက်အတွင်း အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

၂၇။ အကောက်ခွန်ဦးစီးဌာနသည် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်မှ ရုပ်သိမ်းသည့်ကုမ္ပဏီကို အကောက်ခွန်ဦးစီးဌာန ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ သင့်လျော်သည့်နည်းလမ်းဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာရမည်။

၂၈။ အကောက်ခွန်ဦးစီးဌာနသည် အပိုဒ် ၂၇ အရ ထုတ်ပြန်ကြေညာသည့်စာရင်းကို-

(က) ကုန်သွယ်မှုနှင့်ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းနှင့် အသင်းအဖွဲ့များသို့ အသိပေးအကြောင်းကြားရမည်။

(ခ) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (အဆင့်-၂) ဖြစ်လျှင် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အပြန်အလှန်အသိအမှတ်ပြုရေး သဘောတူလက်မှတ်ရေးထိုးထားသည့်နိုင်ငံများသို့ ချက်ချင်းအသိပေးအကြောင်းကြားရမည်။

၂၉။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်မှ ရုပ်သိမ်းခြင်းခံရသော ကုမ္ပဏီသည် ရုပ်သိမ်းခြင်းခံရသည့်နေ့ရက်မှ သုံးနှစ်ပြည့်ပါက အပိုဒ် ၃ ပါ စံသတ်မှတ်ချက်များနှင့်ကိုက်ညီလျှင် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် ပြန်လည်လျှောက်ထားနိုင်သည်။

## အခန်း(၉)
## အထွေထွေ

၃၀။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူသည် ကုမ္ပဏီ၏တည်နေရာ ရွှေ့ပြောင်းခြင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ သဘောတူညီချက်များနှင့် စာချုပ်စာတမ်းများ ပြောင်းလဲချုပ်ဆိုခြင်း၊ ဖွဲ့စည်းပုံ ပြောင်းလဲခြင်းနှင့် ဖျက်သိမ်းခြင်း စသည့်လုပ်ငန်းပိုင်းဆိုင်ရာပြောင်းလဲမှုများနှင့် အပိုဒ် ၃ ပါ စံသတ်မှတ်ချက်များအပေါ် သက်ရောက်နိုင်သည့် မည်သည့်ပြောင်းလဲမှုမျိုးကိုမဆို အကောက်ခွန်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားရမည်။

၃၁။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ(အဆင့်-၂) အဖြစ် အသိအမှတ်ပြုလက်မှတ်ရ ကုမ္ပဏီသည်တစ်နိုင်ငံနှင့်တစ်နိုင်ငံအပြန်အလှန်အသိအမှတ်ပြုခြင်းအစီအစဉ်(Mutual Recognition Arrangement – MRA) အရ တစ်ဖက်နိုင်ငံမှ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်ပါက ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။

၃၂။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၃၀-၃-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ / ဘဏ္ဍာ - ၂ / ၁ / ၂၉၅ ( ၆၄၄၇ / ၂၀၂၄)
ရက် စွဲ၊ ၂ ၀ ၂ ၄ ခု နှစ် ၊ ဒီဇင်ဘာ လ ၂၇ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
မြန်မာနိုင်ငံစာရင်းကောင်စီ
အခွန်အယူခံခုံအဖွဲ့ရုံး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့်အဖွဲ့အစည်းများအားလုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁) တွင် ထည့်သွင်းကြေညာပေးပါရန်။
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(UMFCCI)
ဤဝန်ကြီးရုံး၊ ဌာနခွဲအားလုံး

အမိန့်အရ

( မင်းထွဋ် )
ဒုတိယဝန်ကြီး

နောက်ဆက်တွဲ

| |
|---|
| လျှောက်လွှာနံပါတ် ______________ |
| (Application No.) |

Ministry of Planning and Finance
Customs Department
AEO Section

Authorized Economic Operators

# အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာလျှောက်လွှာ
# Application for Authorized Economic Operator

## အပိုင်း (က) လျှောက်ထားမှု (Application)

(၁) လျှောက်ထားသည့်အဆင့် (AEO Level Applied)

(က) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဆင့်-၁ (AEO Level-1) ☐
(ခ) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဆင့်-၂ (AEO Level-2) ☐

(၂) လျှောက်ထားမှုအမျိုးအစား

(က) အသစ်လျှောက်ထားခြင်း (New Application) ☐
(ခ) သက်တမ်းတိုးခြင်း (Renewal) ☐
(ဂ) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် ဆက်လက်ဆောင်ရွက်လိုမှုမရှိခြင်း (Withdrawal of AEO Status) ☐

## အပိုင်း(ခ) ကုမ္ပဏီအချက်အလက်များ (Company's Particulars)

(၁) ကုမ္ပဏီအမည် (Company Name)

| |
|---|
| |

(၂) ကုမ္ပဏီမှတ်ပုံတင်နံပါတ်
(Company Registration No.)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |

(၃) ကုမ္ပဏီစတင်တည်ထောင်သည့်ရက်စွဲ
(Start Date)

| | | |
|---|---|---|
| DD | MM | YYYY |

(၄) ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်နံပါတ်
(Importer/Exporter Code- I/E Code)

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | |

(၅) ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်နံပါတ် သက်တမ်းကုန်ဆုံးရက်စွဲ
(I/E Code Valid Date)

| | | |
|---|---|---|
| DD | MM | YYYY |

(၅) ကုမ္ပဏီလိပ်စာ(ရုံးချုပ်) (Address of Head Office)

| | |
|---|---|
| လိပ်စာ (Address) | |
| တယ်လီဖုန်းနံပါတ်(Telephone No.) | |
| အီးမေးလ်လိပ်စာ (Email Address) | |

(၆) ကုမ္ပဏီလိပ်စာ(အခြား) (ရုံးချုပ်လိပ်စာနှင့်မတူပါကတိကျစွာဖော်ပြပေးရန်)
(Other Company Address ) (If different from Head Office)

| | |
|---|---|
| (က)အဓိကစီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့်နေရာ၏ လိပ်စာအပြည့်အစုံ(Full address where the main activities of the business are carried out ) | |
| (ခ)အကောက်ခွန်ဆိုင်ရာစာရွက်စာတမ်းများထိန်းသိမ်းသည့် ရုံးခန်းလိပ်စာအပြည့်အစုံ (Full address of the office where the Customs documentation is kept) | |
| (ဂ) အကောက်ခွန်ဆိုင်ရာ စာရွက်စာတမ်းများကို ဆောင်ရွက်ပေးသည့်ရုံးခန်းလိပ်စာအပြည့်အစုံ (Full address of the office responsible for providing all Customs documentations) | |
| (ဃ) ငွေစာရင်းများအား ထိန်းသိမ်းထားသည့် ရုံးခန်းလိပ်စာ အပြည့်အစုံ (Full address of the office where the full account are kept) | |
| (င) ကုန်လှောင်ရုံလိပ်စာ အပြည့်အစုံ (Full address of Warehouse) | |
| (စ) လုပ်ငန်းဆောင်ရွက်ရန် ခန့်အပ်ထားသည့် Third Party ၏ တည်နေရာ ( Locations where a third party executes outsourced activities for the economic operator ) | |

(၇) ကုမ္ပဏီအမျိုးအစား (Type of Company)

| | |
|---|---|
| (က) တစ်ဦးတည်းပိုင်ကုမ္ပဏီ (Private Company Limited) | ☐ |
| (ခ) အများပိုင်ကုမ္ပဏီ (Public Company Limited by Shares) | ☐ |
| (ဂ) အခြား (တိကျစွာဖော်ပြပေးရန်) (Others) (Please Specify) | ☐ ________ |

(၈) စီးပွားရေးလုပ်ငန်းအမျိုးအစား (Type of Business)

| | |
|---|---|
| (က) တင်သွင်းခြင်းလုပ်ငန်း (Import Business) | ☐ |
| (ခ) တင်ပို့ခြင်းလုပ်ငန်း (Export Business) | ☐ |
| (ဂ) အခြား (တိကျစွာဖော်ပြပေးရန်) (Others) (Please Specify) | ☐ ________ |

(၉) ကုန်သွယ်မှု အဆင့်အတန်း (Commercial Level)

| | |
|---|---|
| (က) လက္ကားရောင်းချခြင်း (Wholesale) | ☐ |
| (ခ) လက်လီရောင်းချခြင်း (Retail) | ☐ |
| (ဂ) ကိုယ်တိုင်အသုံးပြုခြင်း (Consumer) | ☐ |
| (ဃ) အခြား (တိကျစွာဖော်ပြပေးရန်) (Others) (Please Specify) | ☐ ________ |

(၁၀) အကောက်ခွန်ဆိုင်ရာအစီအစဉ်များတွင်ပါဝင်မှု ( Participation In Customs Programmes)

| | |
|---|---|
| (က) အခြားနိုင်ငံများတွင် AEO အသိအမှတ်ပြုလက်မှတ်ရရှိထားခြင်း ရှိမရှိ (whether or not AEO Certificate has been obtained in other countries) | ☐ ________ |
| (ခ) ကုမ္ပဏီမှာ Group ကုမ္ပဏီများမှ တစ်ခုဖြစ်ပါက အဆိုပါ ကုမ္ပဏီများအနက် ကုမ္ပဏီတစ်ခုခုသည် - (If your company is part of a group, please indicate if any other entities in group: )<br>- AEO Certificate ရရှိထားပြီးဖြစ်သည် (already have an AEO certificate ; or ) သို့မဟုတ်<br>- AEO အဖြစ် လျှောက်ထားခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ AEO audit စစ်ဆေးမှုခံယူနေစဉ်ကာလဖြစ်သည် ။ (have applied for AEO status and are currently undergoing an AEO audit by a national Customs authority) | ☐<br>☐ |
| (ဂ) အခြား (တိကျစွာဖော်ပြပေးရန်) (Others) (Please Specify) | ☐ ________ |

(၁၁) အခြားအသိအမှတ်ပြုလက်မှတ်များ (Other Certification)

| | |
|---|---|
| (က)အခြားလုံခြုံရေးဆိုင်ရာ အစီအစဉ်၏ အသိအမှတ်ပြုလက်မှတ် (Certification under other security- related progammes) | ☐ ________<br>________ |

| | |
|---|---|
| (ခ)စံသတ်မှတ်ချက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် နိုင်ငံအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၏အသိအမှတ်ပြုလက်မှတ် (Certification under standards or other national or international agencies or authorities) | ☐ ______ ______ ______ |

အပိုင်း(ဂ) ဆက်သွယ်ရမည့် ကုမ္ပဏီဝန်ထမ်း၏အချက်အလက်များ (Contact Person's Particular)

(၁) အဓိကဆက်သွယ်ရမည့်ဝန်ထမ်း၏အချက်အလက် (Primary Contact Person's Particular)

| | |
|---|---|
| (က) အမည် (Name) | |
| (ခ) အလုပ်အကိုင်ရာထူး (Position) | |
| (ဂ) တယ်လီဖုန်းနံပါတ် (Telephone No.) | |
| (ဃ) အီးမေးလ်လိပ်စာ (Email Address) | |

(၂) အခြားဆက်သွယ်ရမည့်ဝန်ထမ်း၏အချက်အလက် (Alternative / Secondary Contact Person's Particular)

| | |
|---|---|
| (က) အမည် (Name) | |
| (ခ) အလုပ်အကိုင်ရာထူး (Position) | |
| (ဂ) တယ်လီဖုန်းနံပါတ် (Telephone No.) | |
| (ဃ) အီးမေးလ်လိပ်စာ (Email Address) | |

## အပိုင်း(ဃ) ကုန်သွယ်မှုပမာဏနှင့် အခွန်ဆိုင်ရာအချက်အလက်များ

(၁) လွန်ခဲ့သည့် ၃ နှစ်အတွင်း တင်သွင်းခြင်းနှင့်သက်ဆိုင်သည့်အချက်အလက်များ
(Import Information for the past three (3) years)

| ဘဏ္ဍာနှစ် (Financial Year) | စုစုပေါင်း တင်သွင်း စောင်ရေ (Total ID) | ကုန်သွယ်မှု တန်ဖိုး စုစုပေါင်း အမေရိကန် ဒေါ်လာ (သန်း) Trade Volume (Total USD) | ကုန်သွယ်မှု တန်ဖိုး စုစုပေါင်း မြန်မာငွေ (ကျပ်သန်း) Trade Volume (Total Kyats) (Million) | အကောက်ခွန် (ကျပ်သန်း) (Customs Duty) (Kyats) (Million) | ကုန်သွယ် လုပ်ငန်းခွန် (ကျပ်သန်း) (Commercial Tax) (Kyats) (Million) | အထူးကုန်စည်ခွန် (ကျပ်သန်း) (Special Goods Tax) (Kyats) (Million) | ကြိုတင်ဝင်ငွေခွန် (ကျပ်သန်း) (Advance Income Tax) (Kyats) (Million) |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |
| | | | | | | | |

(၂) လွန်ခဲ့သည့် ၃ နှစ်အတွင်း တင်ပို့ခြင်းနှင့်သက်ဆိုင်သည့်အချက်အလက်များ
(Export Information for the past three (3) years)

| ဘဏ္ဍာနှစ် (Financial Year) | စုစုပေါင်း တင်ပို့စောင်ရေ (Total ED) | ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ(သန်း) Trade Volume (Total USD) | ကုန်သွယ်မှုတန်ဖိုး စုစုပေါင်းမြန်မာငွေ (ကျပ်သန်း) Trade Volume (Total Kyats) (Million) | ကြိုတင်ဝင်ငွေခွန် (ကျပ်သန်း) (Advance Income Tax) (Kyats) (Million) |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |

(၃) လွန်ခဲ့သည့် ၃ နှစ်အတွင်း ဖြတ်သန်းကုန်သွယ်ခြင်းနှင့်ပတ်သက်သည့်အချက်အလက်များ
(Transit Information for the past three (3) years)

| ဘဏ္ဍာနှစ် (Financial Year) | စုစုပေါင်း ဖြတ်သန်းကုန်စည် ကြေညာလွှာစောင်ရေ (Total Transit Declaration) | ဖြတ်သန်းခွန် (အမေရိကန်ဒေါ်လာ) (Transit Duty) (USD) |
|---|---|---|
| | | |
| | | |
| | | |

(၄) အကောက်ခွန်တန်ဖိုး၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု သို့မဟုတ် ပင်ရင်းဒေသ ကြိုတင်သတ်မှတ်ခြင်း -

| | |
|---|---|
| ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းလျှောက်ထားမှု အစောင်ရေ | |
| အကောက်ခွန်တန်ဖိုးလျှောက်ထားမှုအစောင်ရေ | |
| ပင်ရင်းဒေသလျှောက်ထားမှု အစောင်ရေ | |

(လျှောက်ထားခဲ့ခြင်းရှိပါက ပြန်ကြားချက်များ ပူးတွဲတင်ပြပေးပါရန်)
(Please attach Customs' reply if Advance Ruling was applied)

## အပိုင်း(င) ဝန်ခံကတိပြုခြင်း

ဤလျှောက်လွှာပါ ဖော်ပြချက်များနှင့် ပူးတွဲ စာရွက်စာတမ်းများသည် မှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။
(All the information and attachment contained in this application are true and correct.)

အုပ်ချုပ်မှုဒါရိုက်တာ
(Managing Director)

ကုမ္ပဏီ
တံဆိပ်တုံး
(Stamp)

လက်မှတ် ____________________
(Signature)
အမည် ____________________
(Name)
ရက်စွဲ ____________________
(Date)

## ပူးတွဲတင်ပြရမည့်အချက်အလက်များနှင့်စာရွက်စာတမ်းများစာရင်း (Attachments)

- ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့်ဆက်စပ်သည့်အချက်အလက်များ ☐
  (Certificate of Incorporation & Company Extract)

- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏အတည်ပြုမိန့်/ခွင့်ပြုမိန့် (ရှိပါက) ☐
  (MIC Endorsement/Permit) (If any)

- အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဆင့်-၂ နှင့် AEO သက်တမ်းတိုးလျှောက်ထားသည့် ကုမ္ပဏီအနေဖြင့် အသိအမှတ်ပြု လက်မှတ်(မိတ္တူ) ☐
  (Copy of AEO Certificate for the applicant who applies for AEO Level-2 status and AEO extension)

- အခြားနိုင်ငံများ၏ AEO အသိအမှတ်ပြုလက်မှတ် (မိတ္တူ) ☐
  (Copy of other countries' AEO Certificate if any)

- အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဆင့်-၂ နှင့် AEO သက်တမ်းတိုးလျှောက်ထားသူအနေဖြင့် AEO အဖြစ် မူလအသိအမှတ်ပြုစဉ် ကာလမှ ယခုလျှောက်ထားချိန်အထိ တိုးတက်ပြောင်းလဲမှု အချက်အလက်များ တင်ပြချက် ☐
  (Presentation of progress information from the period of initial recognition as an AEO Level-1 to the time of applying as an AEO Level 2 applicant and AEO renewal applicant)